ETHNIC ARMED ORGANIZATIONS SUMMIT
LAW KHEE LAR
KAREN STATE

# တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းများ ၏
# ထိပ်သီးခေါင်းဆောင်များ အစည်းအဝေး
## " ထုတ်ပြန်ကြေညာချက် "
### လော်ခီးလာ ၊ ကရင်ပြည်နယ်

တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းများ၏ ထိပ်သီးခေါင်းဆောင်များအစည်းအဝေးကို ကေအဲန်ယူ ဗဟိုဌာနချုပ်၊ ဘားအံခရိုင်၊ လော်ခီးလာစခန်းတွင် ၂၀၁၅ ခုနှစ်၊ ဇွန်လ (၂) မှ (၉) ရက်နေ့အထိ ရှစ်ရက်တိုင်တိုင် အောင်မြင်စွာကျင်းပပြုလုပ်ခဲ့ပါသည်။ ၎င်းအစည်းအဝေးကြီးသို့ တိုင်းရင်းသား လက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်း (၁၇) ဖွဲ့၏ ကိုယ်စားလှယ်နှင့်လေ့လာသူ (၁၀၈) ဦး၊ တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးဆိုင်ရာညှိနှိုင်းရေးအဖွဲ့ (NCCT) အဖွဲ့ဝင် (၁၁) ဦး၊ NCCT နည်းပညာအထောက်အကူပြုအဖွဲ့ဝင် (၅) ဦး၊ အထူးဖိတ်ကြားထားသူများနှင့် ရုံးအဖွဲ့ဝင်များအပါအဝင် စုစုပေါင်း (၁၉၀) ဦး တက်ရောက်ခဲ့ပါသည်။

အထူးသဖြင့် ကုလသမဂ္ဂအတွေထွေအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာအထူးအကြံပေး Mr. Vijay Nambiar နှင့် ၎င်း၏ လက်ထောက် ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ အာရှရေးရာအထူးကိုယ်စားလှယ် Mr. Sun Guoxiang နှင့် အဖွဲ့ဝင်များ၊ ဂျပန်နိုင်ငံ Nippon Foundation မှ Mr. Yuji Mori တို့ ဂုဏ်ပြုတက်ရောက်ခဲ့ကြပါသည်။

အစည်းအဝေးကြီးတွင် ၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလ၌ ကျင်းပခဲ့သည့် ပထမအကြိမ် လိုင်ဇာညီ လာခံကြီးက ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့သော "တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးဆိုင်ရာညှိနှိုင်းရေးအဖွဲ့ (NCCT)" က တစ်နှစ်ခွဲကျော်ကာလတွင် လုပ်ဆောင်ခဲ့သည်များကို တင်ပြအစီရင်ခံခြင်း၊ ပဏာမရလဒ်တစ်ခုဖြစ် သည့် "တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာသဘောတူစာချုပ် (NCA) အတည်ပြုမှုကြမ်း" ကို ရှင်းလင်းတင်ပြခြင်းနှင့်အတူ ထိပ်သီးအစည်းအဝေးကဆက်လက်ဆောင်ရွက်သင့်သောအကြံပြုချက်များကိုတပါတည်း တင်သွင်းခဲ့ပါသည်။

၂၀၁၅ ခုနှစ်၊ မတ်လ (၃၁) ရက်နေ့တွင် UPWC နှင့် NCCT တို့ လက်မှတ်ရေးထိုးခဲ့သော "တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (အတည်ပြုမူကြမ်း)" ကို အစည်းအဝေးသို့ တက်ရောက်လာကြသော ထိပ်သီးခေါင်းဆောင်ကြီးများက အကြေအလည် ဝေဖန်သုံးသပ်ဆွေးနွေးခဲ့ကြပြီး ပြင်ဆင်ဖြည့်စွက်ချက်များနှင့်အတူထပ်မံအတည်ပြုနိုင်ခဲ့ပါသည်။

အဆိုပါမူကြမ်းကိုအခြေခံ၍ အစိုးရနှင့်အပြီးသတ်ညှိနှိုင်းရန် လိုအပ်သည့်အချက်များကို ထိပ်သီးအစည်းအဝေးကြီးက တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းများ၏ ခေါင်းဆောင် (၁၅) ဦးဖြင့် ထပ်မံစုဖွဲ့လိုက်သည့် "တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၏ တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးဆိုင်ရာ အဆင့်မြင့်ညှိနှိုင်းရေးကိုယ်စားလှယ်အဖွဲ့" သည် အစိုးရဘက်မှ တာဝန်ရှိသူများနှင့် အမြန်ဆုံးတွေ့ဆုံညှိနှိုင်းပြီး တနိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် NCA အား နှစ်ဖက်သဘောတူညီမှုရရှိသည်အထိ ပြီးမြောက်အောင်ဆွေးနွေးညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်သည်။

နှစ်ဖက်အဆင့်မြင့်ကိုယ်စားလှယ်များ၏ တွေ့ဆုံဆွေးနွေးပွဲများမှ တဆင့် NCA တွင် ပါဝင်လက်မှတ်ရေးထိုးမည့် အဖွဲ့အစည်းများစာရင်းကို အတည်ပြုရာတွင် ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလတွင် ချမှတ်ခဲ့သည့် လော်ခီးလာ "မူ" ကို ကိုးကားသည့်အပြင် NCA ကို လက်ခံသည့် အဖွဲ့အစည်းများအားလုံး အတူတကွ ပါဝင်လက်မှတ်ရေးထိုးရေးကိုလည်း ဆုံးဖြတ်နိုင်ခဲ့သည်။

ထို့အပြင် နိုင်ငံရေးဆွေးနွေးပွဲများအတွက် NCCT မှ ပြုစုရေးဆွဲတင်ပြခဲ့သော နိုင်ငံရေးဆွေးနွေးရေးမူဘောင် အခြေခံလမ်းညွှန်ချက်များ (အဆိုပြုမူကြမ်း) ကို ဤအစည်းအဝေးသို့ တက်ရောက်သည့် အဖွဲ့အစည်းများအနေနှင့် လေ့လာသုံးသပ်ကာ သဘောထားအကြံပြုချက်များကို ရယူနိုင်ခဲ့ပါသည်။

တနိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးဆိုင်ရာညှိနှိုင်းရေးအဖွဲ့ (NCCT) အဖွဲ့မှ တစ်နှစ်ခွဲကျော်ကာလအတွင်း ကြိုးပမ်းဆောင်ရွက်မှုများကို ဤထိပ်သီးခေါင်းဆောင်များအစည်းအဝေးမှ မှတ်တမ်းတင်ဂုဏ်ပြုနိုင်ခဲ့ပြီး "အဆင့်မြင့်ညှိနှိုင်းရေးကိုယ်စားလှယ်အဖွဲ့" နှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်ရန်ကိုလည်း ဆုံးဖြတ်နိုင်ခဲ့ပါသည်။

တရားမျှတ၍ ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကိုတညီတညွတ်တည်း ဆက်လက်ချီတက်ကြရန် ဆုံးဖြတ်နိုင်ခြင်းနှင့် အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ ရွေးချယ်တာဝန် ပေးအပ်နိုင်ခြင်းတို့ကြောင့် တိုင်းရင်းသားလူမျိုးပေါင်းစုံပြည်သူလူထုတရပ်လုံး၏ ငြိမ်းချမ်းရေးမျှော်လင့်ချက်ဖြစ်သော ဒီမိုကရေစီရေး၊ အမျိုးသားတန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အခွင့်အရေးများအပြည့်အဝရှိသည့် စစ်မှန်သော ဖက်ဒရယ်ပြည်ထောင်စုကို တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းများအားလုံးက စည်းလုံးညီညွတ်စွာဖြင့် ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ထုတ်ပြန်ကြေငြာအပ်ပါသည်။

၂၀၁၅ ခုနှစ်၊ ဇွန်လ ၉ ရက်နေ့